# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# (၁၈-၂-၂၀၂၀ ) (အင်္ဂါနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း ကျူးကျော်များအဖြစ် သတ်မှတ်ခံရသော နိုင်ငံသားမိသားစုများအား အိမ်ထောင်စုစာရင်း ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မရှိပါက ကျူးကျော်အဖြစ် သတ်မှတ်ခံရသော မြန်မာနိုင်ငံသား မိသားစုများအား အိမ်ထောင်စုစာရင်း ထုတ်ပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးခမ်ခန့်ထန်၊ တွန်းဇံ  မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေ၊ အိမ်နှင့်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသား လူမျိုးများစာရင်း (၁၃၅)မျိုးတွင် မပါဝင်သော တိုင်းရင်းသား လူမျိုးများ ကုဒ်နံပါတ် (၉၁၄) (အခြား) ခေါင်းစဉ်တွင် ရေးသွင်းဖော်ပြ ထားသော တိုင်းရင်းသားလူမျိုး အမည်များကို ဖော်ပြပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မြေလွတ်၊ မြေလပ်များရှိနေသော်လည်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံး မရှိသေးသည်ကို တွေ့ရပါသဖြင့် ရုံးတစ်ရုံး အမြန်ဆုံး ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရဲစခန်းအား နယ်မြေရဲစခန်းကြီးအဖြစ် အဆင့်မြှင့်ပေးရန်နှင့် အဆင့်မီဝန်ထမ်းအိမ်ရာများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုး၊ ဗိုလ်တထောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပတ်သက်၍ အများပြည်သူများ အလွယ်တကူ သိရှိဆက်သွယ်ဆောင်ရွက်နိုင်သော Complain Centre တစ်ခုထူထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်စိုး၊ ဇန်းမောက် မဲဆန္ဒနယ်၏ **ဇန်းမောက်မြို့နယ် မြို့မရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာအသစ် (၄) ယူနစ်ပါ (၄) ထပ်အိမ်ရာ (RC) နှစ်လုံးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်အတွင်း လိုအပ်လျက်ရှိသော တရုတ်မှော်တိုက်နယ်နှင့် ကျီးသဲတိုက်နယ် အရန်မီးသတ်စခန်းတို့အား နယ်မြေခံ မီးသတ်စခန်းအဖြစ် အဆင့် တိုးမြှင့်ပေးပြီး မယားမာန် နယ်မြေမီးသတ်စခန်းအား စခန်း အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာတွင် နယ်မြေမီးသတ်စခန်းတစ်ခုကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။